# အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ
# ( အန် ၊ ယူ ၊ ဒီ )
# National United Democratic Party
# ( N. U. D )
## နိုင်ငံရေးဝါဒ သဘောတရား၊ လုပ်ငန်းစဉ်များနှင့် ပါတီစည်းမျဉ်း ဖွဲ့စည်းပုံ

ပါတီအလံ



ပါတီရင်ထိုးတံဆိပ်




ရက်စွဲ။ ။၁၃.၂.၂၀၁၈ နေရာ။ ။နေပြည်တော်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | နိဒါန်း | ၁ | ၁ |
| ၂။ | ရည်ရွယ်ချက် | ၁ | ၁ |
| ၃။ | ခံယူချက် | ၁ | ၂ |
| ၄။ | နိုင်ငံရေးမူဝါဒသဘောတရားများ | ၂ | ၃ |
| ၅။ | ကဏ္ဍအလိုက်ထားရှိမည့်မူဝါဒ | ၃ | ၄ |
| | ၁။ နိုင်ငံခြားရေးဝါဒ | ၄ | ၄ |
| | ၂။ တိုင်းရင်းသားလူမျိုးများကဏ္ဍ | ၄ | ၄ |
| | ၃။ စီးပွားရေးကဏ္ဍ | ၄ | ၅ |
| | ၄။ ဘဏ္ဍာရေးကဏ္ဍ | ၅ | ၅ |
| | ၅။ ပညာရေးကဏ္ဍ | ၅ | ၆ |
| | ၆။ ကျန်းမာရေးကဏ္ဍ | ၆ | ၆ |
| | ၇။ လူထုဘဝသက်သာချောင်ချိရေးကဏ္ဍ | ၆ | ၆ |
| | ၈။ လယ်ယာသားငါးကဏ္ဍ | ၇ | ၇ |
| | ၉။ အလုပ်သမားကဏ္ဍ | ၇ | ၈ |
| | ၁၀။ ကျောင်းသားလူငယ်ကဏ္ဍ | ၈ | ၈ |
| | ၁၁။ တရားရေးကဏ္ဍ | ၈ | ၈ |
| | ၁၂။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ | ၈ | ၉ |
| | ၁၃။ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ | ၉ | ၉ |
| | ၁၄။ အုပ်ချုပ်ရေးကဏ္ဍ | ၉ | ၉ |
| | ၁၅။ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ | ၁၀ | ၁၀ |
| | ၁၆။ ပါတီ၏အခြေခံသဘောတရားအထူးအနှစ်ချုပ်(၁၂)ချက် | ၁၀ | ၁၁ |
| ၆။ | လုပ်ငန်းစဉ်များ | ၁၁ | ၁၃ |
| ၇။ | အခန်း(၁) ပါတီအမည်နှင့်အမှတ်တံဆိပ် | ၁၃ | ၁၅ |
| ၈။ | အခန်း(၂) ပါတီစည်းမျဉ်းနှင့်ဖွဲ့စည်းပုံ | ၁၅ | ၁၆ |
| ၉။ | အခန်း(၃) ဖွဲ့စည်းပုံ | ၁၆ | ၁၉ |
| ၁၀။ | အခန်း(၄) ပါတီအခြေခံစည်းမျဉ်းနှင့်စည်းကမ်းများ | ၂၀ | ၂၁ |
| ၁၁။ | အခန်း(၅)ပါတီဝင်အဖြစ်မှနုတ်ထွက်ခြင်းအရေးယူထုတ်ပယ်ခြင်းနှင့်ရပ်စဲခြင်း | ၂၁ | ၂၂ |
| ၁၂။ | အခန်း(၆)ဘဏ္ဍာငွေရှာဖွေရေးနှင့်ထိန်းသိမ်းရေး | ၂၃ | ၂၃ |

# “ အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ ”(အန်၊ယူ၊ဒီ)

## National United Democratic Party (N.U.D)

## နိုင်ငံရေးဝါဒသဘောတရား၊ လုပ်ငန်းစဉ်များနှင့် ပါတီစည်းမျဉ်းဖွဲ့စည်းပုံ

၁။ **နိဒါန်း**

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုသည် ဒီမိုကရေစီ နိုင်ငံတော် တည်ထောင်ရန်အစဉ်တစိုက် ကြိုးပမ်း အားထုတ်ခဲ့ကြသည်။

(၂) ပြည်သူတို့၏ ဆန္ဒနှင့်ရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် တောင်သူလယ်သမားများ ၊ အလုပ်သမားများ ၊ စီးပွားကုန်သည်များ ၊ လူငယ် ကျောင်းသားများ ၊ တတ်သိပညာရှင်များ ၊ တိုင်းရင်းသားလူမျိုးများ ၊ အလွှာအသီး သီးမှ ပြည်သူများကို ၊ အမှန်တကယ် ကိုယ်စားပြုသော နိုင်ငံရေးပါတီ တစ်ရပ် အထူး လိုအပ်လျှက် ရှိပါသည်။

(၃)အထက်ပါ အကြောင်းအရာများကြောင့် အမျိုးသားညီညွတ်သောဒီမိုကရက်တစ် ပါတီ အမည်ဖြင့် တိုင်းပြည်အကျိုး မျှော်ကိုး၍ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ နိုင်ငံရေးပါတီများ ဖွဲ့စည်းခြင်း ပုဒ်မ(၄၀၅)၊(၄၀၆)အရ ၊ ဖွဲ့စည်းတည်ထောင်ရခြင်း ဖြစ်ပါသည်။

၂။ **ရည်ရွယ်ချက်**

(က)အများပြည်သူတို့၏ ဆန္ဒနှင့် ကိုက်ညီ၍ အခြေခံလူ့အခွင့်အရေးများကို အာမခံသည့် နိုင်ငံတော် ဖြစ်ပေါ်လာစေရန်။

(ခ) ရည်ရွယ်ချက် (က)ကိုဖြစ်မြောက်စေရန် အတွက် ပြည်သူလူထု၏ ညီညွတ်မှု အင်အားကို အခြေခံအဖြစ် ရယူရန်။

(ဂ) နောင်ခေတ် အဆက်ဆက်၌ မြန်မာနိုင်ငံသည် ပြည်သူလူထုဆန္ဒနှင့်အညီ ဖယ်ဒရယ်ပြည်ထောင်စု ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းစေရန်။

(ဃ) တရားဥပဒေမှန်ကန်မှု၊တရားစီရင်ရေးမျှတမှု၊တရားဥပဒေစိုးမိုးမှုများကို စနစ်တကျတည်ဆောက်စေပြီး အာဏာရှင် နိုင်ငံရေး စနစ်မျိုး မည်သည့်အခါမျှ မပေါ်ပေါက်စေရေးအတွက် လုပ်ဆောင်သွားရန်။

(င) ငြိမ်းချမ်းရေး နှင့် ဒီမိုကရေစီထွန်းကားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာနှင့် ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်ရန်။

၃။ **ခံယူချက်**

(၁) ဒီမိုကရေစီ ပြည်သူ့အုပ်ချုပ်ရေးစနစ် တည်ဆောက်နိုင်မှသာ သာယာဝပြောသော လူ့ဘောင်သစ်ကြီး ဖြစ်ပေါ်လာမည်။

(၂) လူမှန်၊ နေရာမှန်၊ စနစ်မှန် မကျင့်သုံးနိုင်သရွေ့ မြန်မာနိုင်ငံ မတိုးတက်နိုင်ပါ။

(၃) ၇၀%လူအများစုဖြစ်သော ဆင်းရဲနွမ်းပါး နိမ့်ကျနေသော တောင်သူလယ်သမား၊ အလုပ်သမား အကျိုးကို ဥပေက္ခာပြုနေသရွေ့ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံ မဖြစ်လာနိုင်ဟု ခံယူထားပါသည်။

## ၄။ နိုင်ငံရေးမူဝါဒ သဘောတရားများ

အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီသည် တိုင်းပြည်၏ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ကာလတစ်ရပ်ကို ဖြတ်သန်းနေသည့်ကာလ အလွန်သိမ်မွေ့ပြီး အကဲဆတ်လှသည့် အချိန်ကာလတစ်ရပ်ကို ဖြတ်သန်းနေချိန် တိုင်းပြည်၏လိုအပ်ချက်တစ်ခု အဖြစ်လည်းကောင်း၊ တောင်သူလယ်သမားများ၏ တောင်းဆိုချက်အရလည်းကောင်း ပေါ်ပေါက်လာသော ပါတီတစ်ခုဖြစ်ပါသည်။ ယနေ့ တိုင်းပြည်၏ ရင်ဆိုင်နေရသော နိုင်ငံရေး ပြဿနာအားလုံး၏ အရင်းအမြစ်(၄)ခုမှာ (၁)ပြည်တွင်းငြိမ်းချမ်းရေး၊ (၂)လူမျိုးစုပြဿနာ (ပြည်ထောင်စုပြဿနာ)များ၊(၃)စီးပွားရေးကဏ္ဍကျဆင်းလာမှု၊(၄)လယ်ယာသားငါးကဏ္ဍာ ထုတ်လုပ်တင်ပို့ရောင်းချမှု နိမ့်ကျလာခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး ရှုပ်ထွေးမှု၏ အဓိကဖြစ်နေပါသည်။ "စစ်မှန်သောဖယ်ဒရယ်ပြည်ထောင်စုဒီမိုကရေစီစနစ်" မတည်ဆောက် နိုင်ခဲ့၍ " ပြည်ထောင်စုပြဿနာ " ပေါ်ပေါက် လာခဲ့ရပါသည်။ တိုင်းရင်းသား လူမျိုးစုများ ဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် အခြား တိုင်းရင်းသား လူမျိုးစုများ စုပေါင်းနေထိုင်ကြသောကြောင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ် မဖြစ်မနေ၊ မရှိမဖြစ် လိုအပ်နေပါသည်။

သို့မှသာ တိုင်းရင်းသားလူမျိုးစုများ၏ စည်းလုံးညီညွတ်မျှတရေးနှင့် ထာဝရငြိမ်းချမ်းရေး၊ ခေတ်မှီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် စစ်မှန်သော ဖယ်ဒရယ်ပြည်ထောင်စု ဒီမိုကရေစီစနစ်ကို တည်ဆောက်ရန် "ပင်လုံစိတ်ဓာတ်"ကို အခြေခံ၍ "ပြည်ထောင်စုမူ"များကို အခြေခံရမည်ဟု အဖြေမှန် တွေ့ရှိရပါ သည်။ တစ်မျိုးသားလုံး သွေးစည်း ညီညွတ်ရေးအတွက် ဒီမိုကရေစီအခွင့်အရေး၊ တိုင်းရင်းသားလူမျိုးများ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရေးတို့သည် ပြည်တွင်းစစ်ရပ်စဲပြီး ထာဝရငြိမ်းချမ်းရေးကို ဖြစ်ပေါ်လာစေပါသည်။

တိုင်းပြည်စီးပွားရေးသည် လွတ်လပ်ပြီး တရားမျှတသော ဈေးကွက်များပေါ်တွင် အခြေခံသည့် စီးပွားရေးစနစ် ခိုင်မာဖြစ်ထွန်းလာရေးဖြစ်သည်။ အဆိုပါ စီးပွားရေးစနစ်တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့် အညီ အခွင့်အလမ်း ညီတူညီမျှ မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးကို လွပ်လပ်စွာလုပ်ကိုင်ခွင့်ရှိရမည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျ၊ ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ရရှိရမည်။ ရရှိလာသည့် အကျိုးစီးပွား များကို ချမှတ်ထားသော မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အကျိုးခံစားခွင့် ရှိရမည်ဖြစ်သည်။ ဈေးကွက်စီးပွား ရေးစနစ်ဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် အများပြည်သူတို့ ဘေးဥပါဒ်၊ အန္တရာယ်မဖြစ်စေသော၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိစေရန် အထူးဂရုပြု လုပ်ဆောင်

ပေးရမည်။

တိုင်းပြည်၏အခြေခံ လူတန်းစားများဖြစ်သော တောင်သူလယ်သမားများ မိမိတို့လယ်ယာမြေလုပ်ငန်းကို ငြိမ်းချမ်း၊ လုံခြုံ၊ စိတ်ချစွာ လုပ်ကိုင်နိုင်ပြီး အနာဂတ် စိတ်ချရမှုနှင့် ပတ်သက်၍ အလေးထား ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လယ်ယာသားငါးကဏ္ဍကို အခြေခံသော စီးပွားရေးကို ပထမ ဦးစားပေး ဆောင်ရွက်စေပြီး ၎င်း၏အရှိန်ဖြင့် အခြား စီးပွားရေး ကဏ္ဍများကို ဆောင်ရွက်ခြင်းမှ ခေတ်မီစက်မှုနိုင်ငံတော် ကို တည်ထောင်ရန် ဖြစ်သည်။ မြေသိမ်းဥပဒေ နည်းဥပဒေနှင့် မညီညွတ်သော မတရား သိမ်းဆည်းထားသော လယ်ယာမြေနှင့် အခြားမြေများကို မှန်ကန်မျှတစွာ ဖြေရှင်း ဆောင်ရွက်ပေးသွားမည်။ မြေ၊ လူ၊ ရေ စနစ်တကျ စီမံခန့်ခွဲ အုပ်ချုပ်သွားမည်။ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၏ လယ်ယာမြေနှင့် အခြားမြေ သိမ်းဆည်းမှု့ ပြည်သူများ နစ်နာမှု့ မရှိစေရေး၊ ဖော်ထုတ်စုံစမ်းရေး ကော်မရှင်၏ လမ်းညွှန်ဆုံးဖြတ်ချက်ကို အခြေခံ အကောင်အ ထည်ဖော် ဆောင်ရွက်သွားမည်။

တိုင်းပြည်၏ အခြေခံလူတန်းစားတစ်ရပ်ဖြစ်သော အလုပ်သမားများ၏ ဘဝလုံခြုံမှု ရရှိရေးနှင့် စား၊ ဝတ်၊ နေ၊ ရေး သက်သာချောင်ချိရေးတို့ကိုလည်း အထူးအလေးထား ဆောင်ရွက်မည်။ တရားဥပဒေစိုးမိုး ရေးနှင့် တရားစီရင်မှု့ ပွင့်လင်းမှန်ကန် ဆောင်ရွက်နိုင်ရေး ကို ထိန်းကျောင်းတည့်မတ် ဆောင်ရွက်သွားမည့် အပြင် မတရားမှု၊ မမှန်ကန်မှု ၊ မမျှတမှုများ လျော့နည်း ပပျောက်လာစေရန် ဦးတည်ဆောင်ရွက်သွားမည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးစသည်တို့ကို ရေတို၊ ရေရှည် စီမံကိန်းများရေးဆွဲ၍ နိုင်ငံတကာအဆင့်မှီ ကျယ်ဝန်းနှံ့စပ်လာအောင် ဆောင်ရွက်မည်ဖြစ်သည်။

အထက်ဖော်ပြပါ သဘောတရားများ အောင်မြင်ဖြစ်ထွန်းလာရေးအတွက် အဓိက အရေးကြီးဆုံး တစ်ခုမှာ ပြည်သူ့အုပ်ချုပ်ရေးစနစ် နှင့် တရားဥပဒေစိုးမိုးရေးပင်ဖြစ်သည်။ တရားဥပဒေစိုးမိုးမှု မရှိပါပဲ မည်သည့်လုပ်ငန်းကိုမှ အောင်မြင်သည် အထိ ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ပြည်သူ့အုပ်ချုပ်ရေး နှင့် တရားဥပဒေစိုးမိုးရေး အတွက် လိုအပ်သည်များကို အချိန်နှင့် တပြေးညီ လုပ်ဆောင်ရမည် ဖြစ်ပါသည်။

အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီကို စိတ်ဓာတ်၊ တက်ကြွထက်မြက်ပြီး နိုင်ငံရေး အစဉ်အလာ ကောင်းမြတ်သော၊ ကိုယ်ကျိုးစွန့်အနစ်နာခံတတ်သော၊ လုပ်ရည်ကိုင်ရည်စွမ်း ဆောင်မှုပြည့်ဝ သော၊ ခေတ်ပညာတက်လူငယ်များ၊ မွန်မြတ်သော လူကြီး၊ လူကောင်း၊ လူမွန်များဖြင့် အဓိကဖွဲ့စည်းထားပါသည်။ ဘာသာရပ်နယ်ပယ်အသီးသီးမှ တတ်သိပညာရှင်များကိုလည်း နည်းပညာကဏ္ဍအလိုက် ဦးစားပေး အသုံးချ၍ တာဝန်ခံ စနစ်ဖြင့် အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် အထူး အလေးပေးဖွဲ့စည်း ဆောင်ရွက် သွားမည်။

## ၅။ <u>ကဏ္ဍအလိုက် ထားရှိမည့် မူဝါဒ</u>

- ကျွန်ုပ်တို့သည် ကမ္ဘာ့ကုလသမဂ္ဂ ပဋိဉာဉ်စာတမ်းတွင်ပါရှိသော လူ့အခွင့်အရေး ဆိုင်ရာ စည်းမျဉ်းနှင့် ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းတို့ကို လိုက်နာကျင့်သုံးမည်။
- နောင်လာမည့်မျိုးဆက်တို့သည် လူ့အခွင့်အရေးများ မဆုံးရှုံးစေရေးအတွက်

ခိုင်မာသော ဒီမိုကရေစီ အုတ်မြစ်ကိုချထားမည်။

- နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတို့ကို ပြည်ထောင်စုသားအားလုံးတို့၏ စည်းလုံးညီညွတ်သော ဆန္ဒတူညီမှု အင်အားအပေါ်တွင် အခြေခံလျက် ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်မည်။

## (၁) **နိုင်ငံခြားရေးဝါဒ**

- နိုင်ငံတကာနှင့် ဆက်ဆံရေးတွင် တက်ကြွ၍ လွတ်လပ်သော ဘက်မလိုက်နိုင်ငံခြားရေးဝါဒကို ကျင့်သုံးပြီး နိုင်ငံရေးအရ ချစ်ကြည် ရင်းနှီးမှု ရရှိအောင် ဆောင်ရွက်မည်။ ကမ္ဘာ့နိုင်ငံများ နှင့် ဆက်ဆံရာ၌ ပေါ်ပေါက်လာသော အရေးကိစ္စများတွင် စစ်မှန်သော ဒီမိုကရေစီကို အခြေခံ၍ ခိုင်မာစွာ ရပ်တည်မည်။
- နိုင်ငံအချင်းချင်းအကြား အကျိုးတူစီးပွားရေးလုပ်ငန်းများ ဖော်ဆောင်၍ ပူးပေါင်းဆောင်ရွက်မည်။ ဒေသဆိုင်ရာ စီမံကိန်းများတွင် ဒေသ၏အကျိုးကို ဦးတည်၍ ဆောင်ရွက်မည်။
- နိုင်ငံတကာနှင့် ဆက်သွယ်ရာတွင် လူထုအခြေပြု အဖွဲ့အစည်းများ၏ ကဏ္ဍကို အလေးပေး ဆောင်ရွက်သွားမည်။

## (၂) **တိုင်းရင်းသားလူမျိုးများကဏ္ဍ**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တိုင်းရင်းသားလူမျိုးများအားလုံးတို့၏ စည်းလုံးညီညွတ်မှု၊ ဆန္ဒတူညီမှုတို့အပေါ်တွင် အခြေခံ၍ တည်ထောင်သွားမည်။ တိုင်းရင်းသားလူမျိုးများ၏ မကျေလည် မှုများကို လစ်လျူရှုထားမည် မဟုတ်ပါ။ တိုင်းရင်းသားလူမျိုးအားလုံး၏ တန်းတူရည်တူ အခွင့်အရေး များကို အသိအမှတ်ပြုမှု၊ စိတ်စေတနာဖြူစင်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ တစ်ဦး၏အယူအဆကို တစ်ဦးက လေးစားမှု၊ အခြေခံလူ့အခွင့်အရေး လေးစားယုံကြည်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းလုပ် ဆောင်မည်။

ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးအဖြစ် စီးပွားရေး အင်အားခိုင်မာတောင့်တင်းစွာ ရပ်တည်နိုင်ရေးကို လိုလားသည့်အလျောက် တိုင်းရင်းသားနယ်မြေ အသီးသီးတွင် စီးပွားရေးဖွံ့ဖြိုးမှု လုပ်ငန်းများ လွတ်လပ်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဦးတည်မည်။

## (၃) **စီးပွားရေးကဏ္ဍ**

စီးပွားရေးမူဝါဒ၏ အနှစ်သာရသည် လွတ်လပ်မှု၊ တည်ငြိမ်မှုနှင့် လူမှုရေးမျှတမှုတို့ ဟန်ချက်ညီ၍ ဥပဒေစိုးမိုးမှုကို အခြေခံသော ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲရေး ဖြစ်သည်။ တိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ရေတိုအကျိုးအမြတ် နှင့် ရေရှည်အမျှော်အမြင်၊ တစ်ဦးချင်းလူနေ မှုအဆင့်အတန်းမြင့်မားခြင်းနှင့် လူမှုဘဝတို့ သဟဇာတဖြစ်စေခြင်းမှ တစ်ဆင့် လူမျိုးအားလုံး တန်းတူ ညီမျှ အလုပ်လုပ်နိုင်မှုနှင့် အခွင့်အလမ်းများ ရရှိစေရမည်။ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနှင့် ဒေသအလိုက် လူမျိုးများအကြား တည်ရှိနေသည့် လူမှုစီးပွားရေး မညီမျှမှုများ လျော့နည်းစေရေးကို ဦးတည်မည်။ ပြည်ထောင်စုအစိုးရ၏

စီးပွားရေး လုပ်ပိုင်ခွင့်များကို ပြည်နယ်နှင့်တိုင်းများသို့ ခွဲဝေပေး ခြင်း၊ ချုပ်ကိုင်မှုလျော့ချခြင်း၊ ပုဂ္ဂလိကကဏ္ဍကိုအားပေးခြင်း၊ လူသားရင်းမြစ်တိုးတက်စေခြင်းတို့သည် မဟာဗျူဟာ ဖြစ်သည်။ လယ်ယာစီးပွားမှ စက်မှုစီးပွားသို့ တိုးတက်ပြောင်းလဲအောင် စနစ်တကျ ပြုပြင် ပြောင်းလဲ တည်ဆောက်သွားမည်။

**(၄) ဘဏ္ဍာရေးကဏ္ဍ**

- နိုင်ငံတော်၏ အသုံးစရိတ်များတွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍနှင့် လယ်ယာ သားငါးထုတ်လုပ်မှုကဏ္ဍ၌ ပိုမိုသုံးစွဲခြင်းဖြင့် လူအများစု၏ လူသားရင်းမြစ် ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် ဆောင်ရွက်မည်။
- နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ ရေးဆွဲရာတွင် ကာလရှည်၌ ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ရလဒ်များကို အလေးပေး ထည့်သွင်းစဉ်းစားမည်။ ထို့ပြင် စီမံကိန်းများ တည်ဆောက်ခြင်းကြောင့် ထိခိုက်သူများအတွက် လုံလောက်သော နစ်နာကြေးများ သက်သာခွင့်များ ဆောင်ရွက်သွားရန် စီစဉ်မည်။
- ဘက်ဂျက်လိုငွေ ဖြစ်ပေါ်မှုများကို ကြုံတွေ့ပါက ငွေစက္ကူအသစ်များ ရိုက်နှိပ် ဖြေရှင်းမည့် အစား အခြားသင့်တော်သည့် နည်းလမ်းများဖြင့် ဖြေရှင်းမည်။

**(၅) ပညာရေးကဏ္ဍ**

- နိုင်ငံသားတိုင်း အရည်အသွေးပြည့်ဝသော ပညာသင်ယူခွင့် ရှိရမည်။ မသင်မနေရ မူလတန်း ပညာရေးကို ကလေးတိုင်း အခမဲ့ သင်ယူခွင့်ရရှိရေးကို ဦးတည် ဆောင်ရွက်မည်။အလယ်တန်း၊ အထက်တန်းအဆင့်၊ အသက်မွေးဝမ်း ကျောင်းပညာ ရပ်ဆိုင်ရာကျောင်းများကို ပြည်နယ်နှင့် တိုင်းများတွင် ဖွင့်လှစ်ရေး ဦးတည်မည်။
- မြန်မာဘာသာစကား အခက်အခဲရှိသော တိုင်းရင်းသားမျိုးနွယ်ကလေးများ အတွက် အထောက် အကူ ဖြစ်စေမည့် ပညာရေးလုပ်ငန်း အစီအစဉ်များကို ဦးတည်မည်။ ပုံမှန်ကျောင်း ပညာသင်ယူရန် အခက်အခဲ ရှိသည့်အရွယ်ရောက်ပြီး ကလေးသူငယ် များအတွက် ကျောင်းပြင်ပ ပညာရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်မည်။ အဆင့်မြင့်ပညာရေးတွင် သိပ္ပံနှင့်နည်းပညာ၊ လူမှုရေးသိပ္ပံပညာ၊ အစရှိသည့် ပညာရပ်များကို ခေတ်နှင့်လျော်ညီသည့် သင်ရိုးများ ရေးဆွဲရန် ဦးတည်သွားမည်။ ဗလ(၅)တန် ပြည့်ဝသော နိုင်ငံသားကောင်းများ ပေါ်ပေါက်လာအောင် ဦးစားပေး ဆောင်ရွက်သွားမည်။
- အဆင့်မြင့် ပညာသင်ယူခွင့်ရှိသူတိုင်း ပညာဆက်လက်သင်ယူနိုင်ရန်အတွက် အခွင့်အလမ်း များ ဖန်တီးပေးမည်။ ဆရာ၊ ဆရာမများနှင့် အခြားပညာရေး ဝန်ထမ်းများ အရည်အသွေး ပြည့်မီတိုးတက်စေရန် ပညာရေး သုတေသနလုပ်ငန်း များကို အားပေး လှုံ့ဆော်မည်။ ယင်းတို့ ပညာဆက်လက် ဆည်းပူးနိုင်မည့် အခွင့် အလမ်းများကို ဖန်တီးနိုင်ရန် စည်းရုံးသွားမည်။ ပုဂ္ဂလိက ပညာရေးဝန်ဆောင်မှု လုပ်ငန်း အစီအစဉ်များကို ခေတ်နှင့်အညီ အရည်အသွေး ပြည့်မှီအောင် ကြီးကြပ်စီမံ

သည့်လုပ်ငန်းများကို စနစ်တကျ ချမှတ်ရေးအတွက် လှုံ့ဆော်သွားမည်။

## (၆) ကျန်းမာရေးကဏ္ဍ

- ပြည်သူလူထုအတွက် အဓိကလိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုနှင့် ကူးစက် ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေးရန်နှင့် ခုခံအားကျဆင်းမှု ရောဂါ၊ ငှက်ဖျား ရောဂါ နှင့် အဆုတ်ရောဂါတို့၏ ဖြစ်ပွားနှုန်းများကို လျှော့ချရန် အတွက် လိုအပ်သော ဆေးဝါးများ မပြတ်လပ်စေရန် လှုပ်ရှားဆောင်ရွက်မည်။
- ကျေးလက်ကျန်းမာရေးဌာန၊ ဒေသန္တရကျန်းမာရေးဌာနများမှအစ အစိုးရဆေးရုံး ဆေးပေးခန်း များတွင် အရည်အသွေးရှိသော ဆေးကုသမှုမျိုးနှင့် အခြားကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း များကို တာဝန်ရှိ ပုဂ္ဂိုလ်များမှ ကျန်းမာရေးဝန်ထမ်း ကျင့်ဝတ်နှင့် အညီ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ကြီးကြပ်မှုအစီအစဉ်များကို ချမှတ် ဆောင်ရွက်ရန် ဦးတည်ကြိုးပမ်းမည်။
- ဆေးပညာရပ်များ၊ ဆေးကုသနည်းများ၊ ဆေးဝါးထုတ်လုပ်နည်းများ၊ တိုင်းရင်းဆေး ပညာ ဖွံ့ဖြိုးတိုးတက်ရေး တို့ကို ပိုမို တိုးတက်ခေတ်မီလာစေရန် နိုင်ငံတကာမှ ပညာရှင်များနှင့် ပူးပေါင်း၍ သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် အားပေးလှုပ် ရှားမည်။
- ပုဂ္ဂလိကဆေးရုံ ဆေးခန်းများကို ဥပဒေနှင့်အညီ ဖွင့်လှစ်ခွင့်ပြုမည်။ ဆေးပညာ သင်ကြားရေး စနစ်ကိုနိုင်ငံတကာ စံချိန်နှင့် ရင်ပေါင်တန်းနိုင်စေရန် ကြိုးပမ်း ဆောင်ရွက်မည်။

## (၇) လူထုဘဝ သက်သာချောင်ချိရေးကဏ္ဍ

- ပြည်သူတို့၏ သက်သာချောင်ချိရေး လူမှုဘဝ လုံခြုံရေး၊ လူနေထိုင်မှုအဆင့်အတန်း ပိုမို ကောင်းမွန်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စာပေ၊ ယဉ်ကျေးမှုကဏ္ဍ စသည်တို့ ဖွံ့ဖြိုး တိုးတက်ရန် အတွက် စွမ်းအားရှိသမျှ ကျယ်ပြန့်စွာ စည်းရုံးလုပ်ဆောင်မည်။ ရေဘေး၊ လေဘေး၊ မီးဘေး၊ စသည့် သဘာဝဘေးအန္တရာယ်ဒဏ် ခံနိုင်စေရန် ကြိုတင်စီမံ ဆောင်ရွက်မည်။ဒုက္ခသည်များ အတွက် ထိရောက်သော ကယ်ဆယ်ရေး လုပ်ငန်းများ စည်းရုံးဆောင်ရွက်ပါမည်။ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်လာမည့် ဆိုးကျိုးများ လျှော့ချရေးနှင့် ကြိုတင် စီမံပြင်ဆင်နိုင်ရေးကို ဝိုင်းဝန်းလုပ်ဆောင်မည်။
- အရွယ်မရောက်သေးသော မတရားဖိနှိပ်ခံ စွန့်ပယ်ခံကလေးသူငယ်များအား ကူညီ စောင့် ရှောက်မည်။
- လူကုန်ကူးမှု တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်ရေး စသည့် နိုင်ငံအကျိုးကို ဆိုးဆိုးဝါးဝါး ထိခိုက်စေသည်များ လျှော့နည်း ပပျောက်ရေးကို အလေး ထား ဆောင်ရွက်နိုင်ရန် အားပေး လှုပ်ရှားမည်။

## (၈) လယ်ယာသားငါးကဏ္ဍ

လယ်ယာသားငါးကဏ္ဍ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အောက်ပါအတိုင်း ဆောင်ရွက်မည်။

- တောင်သူလယ်သမား၊ လယ်ယာလုပ်ငန်းကဏ္ဍ နှင့် စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်ပျက်စီး စေမည့်လုပ်ငန်း ကိစ္စရပ်များ၊ ရာသီဥတုဖောက်ပြန်နိုင်သော လုပ်ငန်းကိစ္စရပ်များ၊ သဘာဝ ပတ်ဝန်းကျင်ပျက်စီးစေနိုင်သောကိစ္စရပ်များကို လေ့လာစိစစ်ရန် စနစ်တကျ ကာကွယ်ထိန်း သိမ်းစောင့်ရှောက်ပါမည်။ ဆန်စပါး အပါအဝင် လယ်ယာထွက်သီးနှံများ ဈေးနှုန်းကို ဈေးကွက်စီးပွားရေးနှင့်အညီ လွတ်လပ်စွာ စိုက်ပျိုးကြိတ်ခွဲရောင်းဝယ်နိုင်ရန် စည်းရုံးအားပေး မည်။
- ဥပဒေနှင့်အညီ လယ်ယာမြေပိုင်ဆိုင်ခွင့်နှင့် လွှဲပြောင်းပိုင်ခွင့်၊ ဆက်ခံပိုင်ခွင့်ရှိစေရန် မြေလွတ် မြေရိုင်းများ ဖော်ထုတ်၍လည်းကောင်း၊ မစိုက်ပျိုးနိုင်သော စိုက်ပျိုးမြေများကို ပြုပြင်၍ လည်းကောင်း၊ မြေမဲ့ယာမဲ့ လယ်ယာလုပ်သားများနှင့် မူလမြေယာလုပ်ပိုင်ခွင့်ရ တောင်သူ လယ်သမားများအား တရားဝင် လုပ်ပိုင်ခွင့် ချမှတ်ဆောင်ရွက်ပေးရန် တောင်သူလယ်သမား အဖွဲ့အစည်းများနှင့် ပူးပေါင်း အားပေး ဆောင်ရွက်မည်။
- လက်ရှိ မိရိုးဖလာစိုက်ပျိုးရေးမှ အသေးစားစက်မှုလယ်ယာစနစ်သို့လည်းကောင်း၊ အသေးစား စက်မှုလယ်ယာစနစ်မှ ခေတ်မီတိုးတက်သော စက်မှုလယ်ယာစနစ်သို့ လည်းကောင်း၊ ဆင့်ကဲ ပြောင်းလဲဆောင်ရွက်မည်။ မြန်မာ့စိုက်ပျိုးမြေ ဧရိယာတွင် စိုက်ပျိုးရေရရှိရေး၊ ရေလွှမ်းမိုး ဖျက်ဆီးမှုကာကွယ်ရေး၊ ရေကိုအကျိုးရှိရှိ စနစ်တကျ အသုံးချနိုင်အောင် စီမံခန့်ခွဲရေးနှင့် ပြုပြင်ပြောင်းလဲ ထိန်းသိမ်းရေးလုပ်ငန်းများကို အဓိက လုပ်ဆောင်ရန် စည်းရုံးဆောင်ရွက် မည်။
- တောင်သူလယ်သမားများ၏ နစ်နာဆုံးရှုံးမှုများ ရပိုင်ခွင့်များကို တောင်သူ လယ်သမားအကျိုး အတွက် လွတ်လပ်စွာဆောင်ရွက်နိုင်ရန်အတွက် ညီညွတ်သော တောင်သူလယ်သမားအဖွဲ့ အစည်းများ ဖွဲ့စည်းခွင့်ပေးရန် လှုပ်ရှားမည်။
- မွေးမြူရေးသားငါးကဏ္ဍကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် ဘက်စုံ ဆောင်ရွက်သွား မည်။

## (၉) အလုပ်သမားကဏ္ဍ

- အလုပ်သမားတိုင်းသည် တရားမျှတသော လုပ်ငန်းခွင်အခြေအနေ ၊ လုပ်ခလစာ ရရှိခွင့်နှင့် အလုပ်လက်မဲ့ဖြစ်ခြင်းမှ အကာအကွယ်ရရှိခွင့်ရှိစေရမည်။
- အလုပ်သမားတိုင်းသည် ခွဲခြားခြင်းမခံရစေဘဲ တူညီသောအလုပ်အတွက် တူညီသော အခ ကြေးငွေရရှိခွင့် ရှိစေရမည်။
- အလုပ်သမားတိုင်းသည် မိမိ၏အကျိုးခံစားခွင့်ကို ကာကွယ်ရန် အလုပ်သမား အစည်းအရုံးများ ဖွဲ့စည်းခွင့် ၊ ပါဝင်ဆောင်ရွက်ခွင့်ရှိစေရမည်။ အဓမ္မအလုပ်စေ ခိုင်းခြင်းကို တားဆီးပိတ်ပင်မည်။

- အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန် အတွက် ကြိုးစား အားထုတ်ပါမည်။

## (၁၀) ကျောင်းသားလူငယ်ကဏ္ဍ

- နိုင်ငံ၏အနာဂတ်ဖြစ်သော လူငယ်များ၏ ဗလငါးတန်ပြည့်စုံရေး နှင့် စွမ်းရည်ဖော် ထုတ်ရေးကို ဦးစားပေးမည်။
- သမိုင်းတွင်ကျောင်းသားများ၏ ကဏ္ဍကိုအသိအမှတ်ပြုလျှက် ကျောင်းသားသမဂ္ဂကို ဥပဒေ နှင့်အညီဖွဲ့စည်းခွင့်ပြုမည်။
- အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေမည့် အသက်မွေးဝမ်းကျောင်း ပညာသင် ကျောင်းများ ဖန်တီးပေးခြင်းဖြင့် လူငယ်များအလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းမည်။

## (၁၁) တရားရေးကဏ္ဍ

- ပြည်ထောင်စုတရားလွှတ်တော်သည် မိမိ၏ လက်အောက်ရှိ တရားရုံးများအား လွတ်လပ်စွာ ကွပ်ကဲပိုင်ခွင့် ရှိရမည်။ တရားသူကြီးများသည် ဥပဒေပြဋ္ဌါန်းချက်များကို လိုက်နာကျင့်သုံး၍ လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့် ရှိစေရမည်။ အုပ်ချုပ်ရေးမဏ္ဍိုင် သည် မည်သည့်အထူးတရား ခုံရုံးကိုမျှ ဖွဲ့စည်းခြင်း မပြုရပါချေ။ အုပ်ချုပ်ရေးမဏ္ဍိုင် နှင့် ဆက်နွယ်သော မည်သည့်အဖွဲ့ အစည်းကိုမျှ တရားစီရင်ခွင့် အာဏာမအပ်နှင်း ရပါ။
- ဥပဒေအရ ကန့်သတ်ချက်များမှအပ တရားစီရင်ခြင်း နှင့် ဆုံးဖြတ်ချက်ချခြင်းများကို အများ ပြည်သူတို့ ရှေ့မှောက်တွင် ဆောင်ရွက်ရမည်။
- ပြစ်မှုများတွင် စွပ်စွဲခံရသူများအား ဥပဒေနှင့်အညီ ခုခံချေပခွင့် အပြည့်အဝပေး ရမည်။ အယူခံပိုင်ခွင့် ရှိစေရမည်။
- ဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းမရှိသေးသမျှ မည်သူ့ကိုမဆို အပြစ်ကင်းသည်ဟု မှတ်ယူရမည်။
- လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေမည့် စစ်ဆေးမှု၊ အပြစ်ပေးမှု၊ ပြစ်ဒဏ်ကျခံရမှုများကို မပြုလုပ်ဘဲ အကျင့်စာရိတ္တ ပြုပြင်မှုကို ဦးတည်ရမည်။

## (၁၂) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ

နိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တောနှင့်သယံဇာတ လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်မှု ရရှိစေရန်အတွက် အောက်ပါ မူဝါဒများနှင့်အညီ ဆောင်ရွက် သွားမည်။

- ရေရှည်ထိန်းသိမ်းနိုင်မည့် သစ်ထုတ်လုပ်ရေး၊ သယံဇာတ ပစ္စည်းများ၊ သဘာဝ ပတ်ဝန်းကျင် နှင့် ဂေဟစနစ် စောင့်ရှောက်ရေး၊ တရားမဝင်သစ်ခုတ်ခြင်းနှင့် မီးသွေး

ဖုတ်ခြင်းကို တားဆီး ရေး၊ သစ်တောများ ပြုန်းတီးမှု ရပ်တန့်စေရေး၊ သစ်တောများ ပြန်လည်စိုက်ပျိုးရေး၊ သယံဇာတ ထုတ်လုပ်မှုကို ဥပဒေနှင့်အညီ ကာကွယ် စောင့်ရှောက်ရေး စသည့် အဓိက လုပ်ငန်းများကို နိုင်ငံတော်က ပြည်နယ်၊ တိုင်းများနှင့် ညှိနှိုင်းစီမံခန့်ခွဲစေရမည်။ ဒေသခံ နှင့် ပြည်သူလူထု ဆန္ဒမပါဘဲ သယံဇာများ ထုတ်ယူမည်မဟုတ်။

- မြေဆီလွှာထိန်းသိမ်းရေး၊ မြစ်ချောင်းအင်းအိုင်များ တိမ်ကောခန်းခြောက်ခြင်းမှ ကာကွယ်ရေး၊ သဲကန္တာရဖြစ်လာရေးမှ ကာကွယ်ရေး၊ ဆားမြေ၊ အက်စစ်မြေဖြစ်ခြင်းမှ တားဆီးရေးအတွက် ဗဟိုမှ အောက်ခြေအဆင့်အထိ အဆင့်ဆင့်ပါဝင် ဆောင်ရွက်စေရန် လှုံ့ဆော်ကြိုးပမ်းသွား ပါမည်။
- ကမ္ဘာ့သဘာဝ ပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် လူဦးရေထူထပ်မှုကြောင့် ဖြစ်ပေါ်လာ မည့် သောက်သုံးရေ၊ စိုက်ပျိုးရေ ရှားပါးမှု့ပြဿနာအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ပါမည်။
- မျိုးတုံးပျောက်ကွယ်ရန် အန္တရာယ်ရှိနေသည့် ဇီဝမျိုးစိတ်များ နှင့် စပ်လျဉ်း၍ နိုင်ငံတကာ ကျွမ်းကျင်အဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်ပါမည်။ တောရိုင်း တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး အတွက် ပြည်တွင်း/ပြည်ပ ကျွမ်းကျင်အဖွဲ့ အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်ပါမည်။ တောရိုင်းတိရစ္ဆာန်များ တရားမဝင် တင်ပို့ရောင်းချနေခြင်းများကို ထိရောက်စွာ တားဆီး ဆောင်ရွက်သွားမည်။
- သယံဇာတသစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများကို နိုင်ငံခြားသို့ တင်ပို့ရောင်းချ ရာတွင် တန်ဖိုးမြင့် ကုန်ချောအဖြစ် တင်ပို့နိုင်ရန် စည်းရုံးအားပေး စီစဉ် သွားပါမည်။
- အဖိုးတန်သယံဇာတများကို နိုင်ငံတော်မှ ချမှတ်သော ဥပဒေ၊ နည်းဥပဒေနှင့်အညီ ထိရောက်စွာ ထိန်းသိမ်းစီမံ ဆောင်ရွက်မည်။

## (၁၃) ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ

(က) ကုန်ဈေးနှုန်းများ ကျဆင်းရေးကို ရှေ့ရှု၍ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့ စေရန် အတွက် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍကို အတတ်နိုင်ဆုံး ပြုပြင် တိုးချဲ့သွားရန်နှင့် ထိရောက်စွာ အကောင်အထည်ဖော် ကြိုးကြပ်ဆောင်ရွက် သွားပါမည်။

(ခ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်မှု နောက်ကျနေသော ဒေသများ ဖွံ့ဖြိုး တိုးတက် လာရေးအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ပြုပြင်တိုးချဲ့ ဆောင်ရွက်သွားပါမည်။

## (၁၄) အုပ်ချုပ်ရေးကဏ္ဍ

- တရားဥပဒေစိုးမိုးသော၊ ပွင့်လင်းမြင်သာသော၊ တာဝန်ခံသော၊ အကျင့်ပျက်မှု ကင်းသော၊ ထက်မြက်ထိရောက်သော၊ မျှတ၍ တစ်မျိုးသားလုံး ပါဝင်နိုင်သော ပြည်သူ့အုပ်ချုပ်မှုယန္တရားတစ်ရပ် ဖြစ်ပေါ်လာစေရန် တည်ဆောက်မည်။

**(၁၅) နိုင်ငံတော်ကာကွယ်ရေး နှင့် လုံခြုံရေးကဏ္ဍ**

- တပ်မတော်သည် ဒီမိုကရေစီကျင့်စဉ်များကို ကာကွယ်ဖြည့်ဆည်းပေးသည့် ဂုဏ်သိက္ခာရှိသော အင်အားစုဖြစ်ရမည်။
- နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ပထဝီသဘော သဘာဝအခြေအနေများနှင့် ကိုက်ညီ သော မဟာဗျူဟာအရ စစ်ရေးစွမ်းရည် ထက်မြက်၍ နည်းပညာပိုင်းဆိုင်ရာ ခေတ်မှီ တိုးတက်သော တပ်မတော်အဖြစ် အဆင့်အတန်း မြင့်မားအောင် တည်ဆောက်သွားမည်။
- တပ်မတော်နှင့် နိုင်ငံတော်ကာကွယ်ရေး ယန္တရားတစ်ရပ်လုံးသည် အုပ်ချုပ်ရေးမဏ္ဍိုင် အတွင်း၌သာ တည်ရှိနေရမည်။
- ပြည်သူတို့၏ ယုံကြည်ကိုးစားမှုကို ခံယူ၍ ပြည်သူကို အလုပ်အကျွေးပြုသော ပြည်သူ့ တပ်မတော် အသွင်ဆောင်ကာ ရပ်တည်ရမည်။
- တရားဥပဒေစိုးမိုးရေးကို ဦးတည်ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့သည် အလွန်အရေး ပါသော အင်အားစုဖြစ်သည်။
- လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် ရဲတပ်ဖွဲ့သည် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ရဲလုပ်ထုံးလုပ်နည်းများအရ ကြိုတင်အစီအမံများ ချမှတ်၍ စနစ်တကျ ဆောင်ရွက်စေ ပါမည်။
- ကြိုတင်၍ လူဆိုးစာရင်းပြုစုမှု၊ သတင်းရှာဖွေစုဆောင်းမှု၊ လူဆိုးလှုပ်ရှားမှု၊ လူဆိုးထိန်းသိမ်း မှုတို့ကို သွတ်လက်ထက်မြတ်စွာ စီစဉ်ဆောင်ရွက်စေမည်။
- ရဲတပ်ဖွဲ့သည် လုံခြုံရေးတာဝန်ကို ထမ်းဆောင်ရာတွင်လည်း အရည်အချင်း ပြည့်ဝသော ရဲတပ်ဖွဲ့ဖြစ်အောင် စနစ်တကျပြုစု၍ မိမိ၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်စေမည်။

**(၁၆) ပါတီ၏ အခြေခံ သဘောတရား အထူးအနှစ်ချုပ် (၁၂)ချက်**

(၁) ပြည်တွင်း ငြိမ်းချမ်းရေး နှင့် တိုင်းရင်းသားအရေး စဉ်ဆက်မပြတ် ဆောင်ရွက် သွားမည်။
(၂) ဒီမိုကရေစီ ဖယ်ဒရယ်ပြည်ထောင်စု စနစ်ကို ကြိုးပမ်းဆောင်ရွက်သွားမည်။
(၃) ပြည်သူကို တန်ဖိုးထား၍ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့ မျှော်လင့်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။
(၄) လွှတ်တော် နှင့် အစိုးရ အပြန်အလှန်ထိမ်းကျောင်း၊ ပွင့်လင်းမြင်သာစွာ ဟန်ချက် ညီအောင် ဆောင်ရွက်သွားမည်။
(၅) အစိုးရ ဌာနဆိုင်ရာ ဝန်ထမ်းများအား လူမှန်၊ နေရာမှန်၊ စနစ်မှန် ကျင့်သုံး ဆောင်ရွက်သွားမည်။
(၆) တရားဥပဒေစိုးမိုးရေး၊ တရားစီရင်မှု့ မှန်ကန်ရေး နှင့် အကျိုးပြု ဥပဒေများ ထွန်းကားရေး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(၇) သတင်းမီဒီယာကဏ္ဍ၊ ပွင့်လင်းမြင်သာ အဆင့်အတန်း မြင့်တင်ရေး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(၈) တပ်မတော် ခေတ်မီတိုးတက်ရေး နှင့် နိုင်ငံတော်ကာကွယ် လုံခြုံရေးလုပ်ငန်းများကို စနစ်တကျ တည်ဆောက်သွားမည်။

(၉) (၁) လယ်ယာသားငါး ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ (၂) လမ်းပန်းဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ (၃) လျှပ်စစ်၊ စွမ်းအင် ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး "ဘက်စုံနည်းစနစ် " ဖြင့် ဆောင်ရွက်သွားမည်။

(၁၀) ကျေးလက်၊ မြို့နယ်၊ ခရိုင်၊ တိုင်း စည်ပင်သာယာလှပရေး ဝန်ထမ်းကောင်းများဖြင့်တာဝန်ယူမှု၊ တာဝန်ခံမှု ၊ ဆုပေး၊ ဒဏ်ပေးစနစ်ဖြင့် စနစ်တကျပြုပြင် တည်ဆောက်သွားမည်။

(၁၁) တောင်သူလယ်သမား၊ အလုပ်သမား ဘဝမြင့်တင်ရေး၊ တတ်သိပညာရှင်များ အကျိုးရှိရှိ အသုံးချရေး နှင့်ပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်နေရသော ရွှေ့ပြောင်း အလုပ်သမားဘဝ ချုပ်ငြိမ်းရေး ဦးစားပေး ဆောင်ရွက်မည်။

(၁၂) အမျိုးသားညီညွတ်သောဒီမိုကရက်တစ် စနစ်နှင့် မဟာမိတ်မူဝါဒ လမ်းစဉ်ဖြင့် ပြည်သူအကျိုးကို ဦးစားပေး ဆောင်ရွက်သွားမည်။

## ၆။ **လုပ်ငန်းစဉ်များ**

(၁) တိုင်းရင်းသား လူမျိုးစုများအားလုံး၏ အကျိုးစီးပွား တိုးတက်မြင့်မားရေး အတွက် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းဆောင်ရွက်ရန်။

(၂) တိုင်းရင်းသား လူမျိုးစုများ အားလုံးတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်။

(၃) ပြည်ထောင်စုအဖွဲ့ဝင် တိုင်းဒေသကြီး နှင့် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများ အတွက် လုံလောက်သော အကာအကွယ်များ ပြဌာန်း ဆောင်ရွက်ပေးရန်။

(၄) ပြည်ထောင်စု အတွင်း မှီတင်းနေထိုင်သော နိုင်ငံသားတိုင်းသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ လိင်ခွဲခြားမှု မရှိစေပဲ ဒီမိုကရေစီအခွင့်အရေးများကို အပြည့်အဝ ခံစားပိုင်ခွင့်ကို ဆောင်ရွက်ရန်။

(၅) တိုင်းရင်းသား လူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ၊ တန်းတူရည်တူအခွင့်အရေးရှိစေရန်တရားဥပဒေစိုးမိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးတို့ကို ဆောင်ရွက်ရန်။

(၆) ပြည်တွင်းငြိမ်းချမ်းရေး ထာဝရတည်ရှိစေရန် လူမျိုးစုပြဿနာကို အခြေခံပြီး ဖြစ်ပွားခဲ့သော စစ်ကိုလူမျိုးစုပြဿနာနှင့် ဖြေရှင်းရန်၊ ဝါဒရေးကိုအခြေခံပြီး ဖြစ်ပွားတဲ့စစ်ကို ဝါဒရေးနှင့် ဖြေရှင်းရန်၊ နိုင်ငံရေးကို အခြေခံပြီးဖြစ်ပွားသောစစ်ကို နိုင်ငံရေးနည်းဖြင့်

ဖြေရှင်း ဆောင်ရွက်သွားရန်။

(၇) တိုင်းရင်းသား အားလုံးသွေးစည်းညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်၍ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရှိရင်းစွဲ ဒီမိုကရေစီ အခြေခံမူများနှင့် ပြည်ထောင်စုစစ်စစ်မူများ ပါဝင်လာအောင် ဥပဒေအပိုဒ်များကို ပြင်ဆင် ဆောင်ရွက်ရန်။

(၈) ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေသည် လယ်ယာမြေကို လွတ်လပ်စွာ စိုက်ပျိုးနိုင်ခွင့် ရရှိစေ ရမည်။ လယ်ယာမြေ အငြင်းပွားမှု မှန်ကန်စွာ ဖြေရှင်းရေး နှင့် မတရား သိမ်းဆည်းမှု မရှိစေရန် ပြင်ဆင်ရေး ဆွဲမည်။ ယခင် မြေသိမ်းဥပဒေနှင့် မညီသော လယ်ယာမြေများကို မူလပိုင်ရှင်ထံ ပြန်ပေးရန်၊ ဆောင်ရွက်သွားရန်နှင့် လွတ်လပ်သော လယ်သမား အဖွဲ့အစည်းများ ပေါ်ထွန်းလာအောင် ဆောင်ရွက်ရန်။

(၉) အလုပ်သမားများ ရသင့်ရထိုက်သောအခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ ခေတ်နှင့်လျော်ညီသည့် လုပ်ခ လစာများရရှိရေး အပါအဝင် လွတ်လပ်သော အလုပ်သမားအဖွဲ့အစည်းများ ပေါ်ပေါက်လာအောင် ဆောင်ရွက်ရန်။

(၁၀) ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက် သွားရန်။

(၁၁) ပြည်ထောင်စုနိုင်ငံတော်အတွင်း နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများကြောင့် ရရှိလာသော အကျိုးစီးပွားများကို ချမှတ်ထားသော မူဝါဒများနှင့်အညီ တိုင်းရင်းသားများအားလုံး တန်းတူ မျှဝေခံစားနိုင်အောင် ဆောင်ရွက်ရန်။

(၁၂) ပြည်တွင်းနှင့်နိုင်ငံတာမှ ရင်းနှီးမြှုပ်နှံမှုများကြောင့် ရှိလာသော အကျိုးစီးပွားများကို ချမှတ်ထားသော မူဝါဒနှင့်အညီ ခံစားရယူနိုင်အောင် ဆောင်ရွက်သွားရန်။

(၁၃) ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခွင့်အလမ်းများ တိုးတက်မြင့်မား လာအောင် ဆောင်ရွက်ရန်။

(၁၄) တိုင်းရင်းသားတိုင်း အလုပ်အကိုင်အခွင့်အလန်းအသစ်များ ရရှိလာအောင် ဖန်တီး ဆောင်ရွက်ရန်။

(၁၅) နိုင်ငံအတွင်းရေလုပ်ငန်း၊ လယ်ယာမြေစိုက်ပျိုး မွေးမြူရေးလုပ်ငန်း၊ သဘာဝ အရင်း အမြစ်နှင့်ကူးသန်းရောင်းဝယ်ရေး အစရှိသော ကဏ္ဍအသီးသီးတို့တွင် ပြည်သူတို့ ကိုယ်တိုင် ပါဝင် ဆုံးဖြတ်နိုင်သော လုပ်ငန်းစဉ်ကြီးတစ်ရပ်ကို သက်ဆိုင်ရာ ကိုယ်စား လှယ်များ နှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(၁၆) နိုင်ငံတကာဆက်ဆံရေး နှင့် ပတ်သက်၍ မူဝါဒတစ်ရပ် ရေးဆွဲ ချမှတ်ထားရှိ ဆောင်ရွက်ရန်။

(၁၇) တိုင်းပြည် ပြည်ထောင်စု နယ်မြေအတွင်း မြေပေါ်မြေအောက် သဘာဝ အရင်း အမြစ်များအား ဖော်ထုတ်သုံးစွဲရာတွင် ချမှတ်ထားသော မူဝါဒများ နှင့်အညီ တန်းတူညီမျှ မျှဝေခံစားနိုင်အောင် ဆောင်ရွက်သွားရန်။

(၁၈) ပြည်ပရောက် တိုင်းရင်းသားများအားလုံး မိမိနိုင်ငံသို့ ဘေးကင်း လုံခြုံစွာဖြင့်

ဂုဏ်သိက္ခာရှိရှိ ပြန်လည် နေထိုင်ရောက်ရှိရေးကို ဆောင်ရွက်ရန်။

(၁၉) ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ကိုယ်ကျိုးစွန့်အနစ်နာခံခဲ့ကြသော ရဟန်းရှင်လူ ပြည်သူတိုင်းရင်းသားအပေါင်းကို ဖော်ထုတ်ချီကျူး ဂုဏ်ပြုဆောင်ရွက်ပေးရန်နှင့် ပြန်လည် ပြုစုပျိုးထောင်ပေးရန်။

(၂၀) ဗဟိုချုပ်ကိုင်မှုလွန်ကဲသော “ တစ်ပြည်ထောင်စနစ် ” နှင့် “ပြည်ထောင်စုစနစ်” တစ်ပါတီ အာဏာရှင်စနစ်အပါအဝင် မည်သည့် အာဏာရှင်စနစ်မျှ နိုင်ငံတော်တွင် ပြန်လည်အသက်ဝင် မပေါ်ထွန်းလာအောင် ဆောင်ရွက်ရန်နှင့် ဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်ပေါ်လာစေရန် ဦးတည် ဆောင်ရွက် သွားမည်။


(၂၁) ပြည်နယ်အသီးသီးနှင့် တိုင်းဒေသကြီးများတွင် တရားဝင်လူမျိုးစု ပါတီများ၊ လူမျိုးစု အဖွဲ့အစည်းများ၊ နိုင်ငံရေးမူဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်များတူညီပါက ရင်းနှီးကျွမ်းဝင် မဟာမိတ်ပြုလုပ်ခြင်းကို ဆောင်ရွက်ရန်။

(၂၂) မြန်မာနိုင်ငံရေးဖြစ်စဉ်တွင် ယနေ့အဓိကပါဝင်နေသော “တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)”နှင့် “ ၂၁ ရာစု ပင်လုံပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ” တို့မှ ငြိမ်းချမ်းရေး နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဆိုင်ရာ (UPDJC)က ခွင့်ပြုချက်ရယူမှု ကြိုးပမ်းစွမ်းဆောင် နေမှုတို့ကို ထဲထဲဝင်ဝင် ပူးပေါင်းပါဝင်၍ အဖြေရှာပြီး လက်တွေ့ အောင်မြင်သည်အထိ ဆောင်ရွက်ရန်။

## အခန်း (၁)
## ပါတီအမည် နှင့် အမှတ်တံဆိပ်

၁။ အမည်- ဤပါတီကို “အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ (National United Democratic) အန်ယူဒီ (NUD) ဟု ခေါ်တွင်စေမည်။

အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ၏ အလံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။



၂။ အလံ - အလံ၏ နောက်ခံမှာ ကာကီရောင်(မြေရောင်) ဖြစ်ပြီး၊ အလယ်ဗဟိုတည့်တည့်တွင် ခမောက်ဆောင်းထားသော တောင်သူလယ်သမား၊ လျှာထိုးဦးထုပ်ဆောင်းထားသော အလုပ်သမားနှင့် မောင့်ကျက်သရေခေါင်းပေါင်း ဆောင်းထားသော တတ်သိပညာရှင် စုစုပေါင်း (၃)ဦး ပြည်သူ့ကိုယ်စား ညီညွတ်စွာ တန်းစီထားခြင်းသည် ညီညွတ်သော သင်္ကေတကို ဖော်ညွှန်းထားခြင်း ဖြစ်ပါသည်။

အလံ၏ ညာဘက်ထောင့်အကွက်တွင် အောက်ခံ ကောင်းကင်အပြာရောင်၊ ကြယ်(၁၄)လုံးဝန်းရံထားသော ကြယ်ဖြူ (၁)လုံး ထားရှိခြင်းသည် ဖက်ဒရယ် ပြည်ထောင်စုကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။

၎င်းပါတီ၏ အလံသည် ပြည်သူအများစု ကိုယ်စားပြုသော တောင်သူလယ်သမား၊ အလုပ်သမား၊ တတ်သိပညာရှင်များ ညီညွတ်သော အင်အားဖြင့် ဖက်ဒရယ် ပြည်ထောင်စု ဒီမိုကရေစီစနစ် တည်ဆောက်သွားမည်ဟု ဖော်ညွှန်းခြင်းဖြစ်ပါသည်။

ပါတီအမှတ်တံဆိပ်၊ ရင်ထိုးတံဆိပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။




၃။ အမှတ်တံဆိပ်- ရင်ထိုး - အမှတ်တံဆိပ်(ရင်ထိုးတံဆိပ်)သည် ပါတီ၏ အလံအတိုင်းဖြစ်ပြီး အောက်တွင် အနီရောင်ဖြင့် မြန်မာလို (အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ) နှင့် (အန်ယူဒီ) အင်္ဂလိပ်လို (National United Democratic Party) (NUD) တံဆိပ် ရေးထိုးထားပါသည်။

၄။ တည်နေရာ -အမှတ်(၂၃၁၉)၊ ချင်းတွင်းလမ်းနှင့်ခတ္တာလမ်းထောင့်၊ရွှေကြာပင်ရပ်ကွက်
ဇမ္ဗူသီရိ မြို့နယ်၊ နေပြည်တော်မြို့။

ဆက်သွယ်ရန်- ရုံးဖုန်း ၊ ၀၉-၄၂၈၃၁၈၃၆၆/ ၀၉-၄၀၂၅၀၁၀၄၈၄
၀၉-၄၅၉၁၁၆၅၄၀
ဦးစိန်ဝင်း ၀၉-၂၅၀၅၆၉၂၃၅/ ၀၉-၉၆၇၇၈၂၆၁၁

## အခန်း (၂)
## ပါတီစည်းမျဉ်း နှင့် ဖွဲ့စည်းပုံ

**ပါတီစည်းမျဉ်းနှင့်ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**

(၁)ပါတီဗဟိုညီလာခံ

(၂) မြို့နယ်လုံးဆိုင်ရာ အစည်းအဝေးညီလာခံ

(၃) ရပ်ကွက်၊ ကျေးရွာအုပ်စု အစည်းအဝေးညီလာခံ၊ ပါတီဖွဲ့စည်းရေးတွင် ဗဟိုပါတီညီလာခံနှင့် အစည်း အဝေးညီလာခံများမှ ပါတီ၏အဖွဲ့အစည်း အဆင့်ဆင့်ကို ရွေးချယ်ဖွဲ့စည်းသွားမည်။ ဒီမိုကရေစီနည်းအရ ပါတီအဆင့်ဆင့်အားလုံးကို ဖွဲ့စည်းပြီး လွတ်လွတ်လပ်လပ်ရွေးချယ်ခွင့်ရှိသည်။ ပါတီအောက်ခြေအဖွဲ့အစည်းများသည် အထက်အဖွဲ့အစည်းအဆင့်ဆင့်၏ ဆုံးဖြတ်ချက်များကို လေးစားလိုက်နာရမည်။

(၄) ရပ်ကွက်၊ ကျေးရွာအဖွဲ့အစည်းများ၏ အမြင့်ဆုံးပါတီအဖွဲ့အစည်းသည် ရပ်ကွက်၊ ကျေးရွာ သင်းလုံးကျွတ် အစည်းအဝေး ညီလာခံဖြစ်သည်။

(၅) မြို့နယ်ပါတီ၏ အမြင့်ဆုံး အဖွဲ့အစည်းသည် မြို့နယ်ပါတီ၏ သင်းလုံးကျွတ်အစည်းအဝေးညီလာခံ ဖြစ်သည်။

(၆) ပါတီတရပ်လုံး၏ အမြင့်ဆုံးအဖွဲ့အစည်းသည် ဗဟိုပါတီညီလာခံဖြစ်သည်။

(၇) ပါတီညီလာခံနှင့် အစည်းအဝေးများ၏ ကြားကာလတွင် အဆင့်အားလုံးတွင်ရှိသော ရွေးချယ် ဖွဲ့စည်းထား သည့် ပါတီအဖွဲ့အစည်းများသည် သက်ဆိုင်ပတ်သက်ရာအဖွဲ့အစည်း၊ အစုများအလိုက် အမြင့်ဆုံး အဖွဲ့အစည်းဖြစ်သည်။

(၈) တစ်မျိုးသားလုံးနှင့်ဆိုင်သော အရေးများကို ဗဟိုဦးစီးအဖွဲ့၏ ကြေငြာချက်(သို့မဟုတ်) ဆုံးဖြတ်ချက် မပြုမီ မည်သည့်မြို့နယ်အဖွဲ့အစည်းများမှ ကြေငြာခြင်းမပြုလုပ်ရ၊ သို့ရာတွင်ဗဟိုဦးစီးအဖွဲ့အား အကြံပေးခြင်း၊ အချင်းချင်းဆွေးနွေးခြင်း၊ တို့ကိုပြုလုပ်နိုင်သည်။

(၉) မြို့နယ်ဆိုင်ရာကိစ္စရပ်များတွင်မူ သက်ဆိုင်ရာမြို့နယ် ပါတီအဖွဲ့များက ပါတီ၏ မူဝါဒများနှင့် အညီ ဆုံးဖြတ်ချက် ချနိုင်သည်။

(၁၀) အသစ်ဖွဲ့စည်းသော မြို့နယ်၊ တိုက်နယ်၊ ကျေးရွာ၊ ရပ်ကွက်ပါတီကို မိမိနှင့်သက်ဆိုင်သော အထက် အဖွဲ့၏ အတည်ပြုချက်ကို ရယူရမည်။

## အခန်း (၃)
## ဖွဲ့စည်းပုံ

### ၁။ ပါတီညီလာခံ

(၁) ပါတီညီလာခံကို မြို့နယ် အစည်းအဝေးများမှ ဒီမိုကရေစီနည်း အရ ရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်များဖြင့် ကျင်းပပြုလုပ်ရမည်။ ညီလာခံသက်တမ်းကို ညီလာခံ၌ ဆွေးနွေး ဆုံးဖြတ်ပြီးမှ သတ်မှတ်မည်။

(၂) ပါတီညီလာခံကို ဗဟိုဦးစီးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်သာ ခေါ်ယူကျင်းပနိုင်သည်။ သို့ရာတွင် မြို့နယ်အလုပ်အမှုဆောင် အဖွဲ့ဝင်များအားလုံး စုစုပေါင်း၏ထက်ဝက်ကျော် ကို ကိုယ်စားပြုသောမြို့နယ် အဖွဲ့အစည်းများက ပါတီညီလာခံကိုကျင်းပရန် တောင်းဆိုပါက ဗဟိုဦးစီးအဖွဲ့သည် ထိုတောင်းဆိုသည့် အတိုင်း ဆောင်ရွက်ရမည်။

(၃) ပါတီညီလာခံသည် တက်ရောက်ခွင့်ရှိသော ညီလာခံကိုယ်စားလှယ် စုစုပေါင်း ဦးရေ၏ ထက်ဝက်ကျော်ကိုယ်စားလှယ်များ တက်ရောက်မှသာ တရားဝင် သောညီလာခံဖြစ်သည်။

### ၂။ ပါတီညီလာခံ၏ လုပ်ငန်းခွင်တာဝန်များ

(၁) ဗဟိုဦးစီးအဖွဲ့နှင့် အခြားအဖွဲ့များမှ တင်ပြသော အစီအရင်ခံစာများကို လက်ခံ ကြားနာ ဆွေးနွေးရန် နှင့် ပြင်ဆင်ဖြည့်စွက်ရန်။

(၂) လိုအပ်ပါက ပါတီဗဟိုဖွဲ့စည်းပုံအခြေခံဥပဒေ စည်းမျဉ်း၊ နိုင်ငံရေးမူဝါဒ နှင့် သဘောတရားရေးလုပ်ငန်းစဉ် တို့ကို ဆုံးဖြတ်ရန်၊ ပြင်ဆင်ရန်။

(၃) ပါတီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် မူဝါဒများကို သုံးသပ်ဆုံးဖြတ်ရန်။

(၄) ဗဟိုဦးစီးအဖွဲ့ကို ရွေးချယ်တင်မြှောက်ရန် တို့ဖြစ်သည်။

### ၃။ ဗဟိုဦးစီးအဖွဲ့

(၁) ဗဟိုဦးစီးအဖွဲ့ကို ညီလာခံသို့ တက်ရောက်လာသော ကိုယ်စားလှယ်များအနက်က ကိုယ်စားလှယ် (၁၀၅)ဦးကို ဒီမိုကရေစီနည်းဖြင့်ရွေးကောက်တင်မြှောက်ရမည်။

(၂) ဗဟိုဦးစီးအဖွဲ့သည် ပါတီညီလာခံကျင်းပမည့် နေ့ရက်ကို သတ်မှတ်နိုင်သကဲ့သို့ ရွှေ့ဆိုင်းနိုင်သည်။

(၃) ဗဟိုဦးစီးအဖွဲ့သည် ပါတီညီလာခံသို့တက်ရောက်ရန် ကိုယ်စားလှယ်ရွေးချယ်ရန် အတွက် လုပ်ထုံး လုပ်နည်းများကို ဆုံးဖြတ်ရမည်။

(၄) ဗဟိုဦးစီးအဖွဲ့သည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တာဝန်ပေးရမည်။

## ၄။ နာယက

နာယကအဖွဲ့ကို အသက်အရွယ်အားဖြင့် ကြီးပြီး၊ နိုင်ငံရေးအတွေ့အကြုံရင့်ကျက်သော ဗဟိုဦးစီးအဖွဲ့ဝင်များအနက်မှ (၃)ဦး၊ သို့မဟုတ် (၅)ဦးဖြင့် ဖွဲ့စည်းနိုင်သည်။ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ ပါတီတို့တွင် သက်ဆိုင်ရာနာယကအဖွဲ့ကို မိမိတို့ပါတီဝင်များထဲမှ သင့်တော်သည့် အရေအတွက်ဖြင့် ဖွဲ့စည်း ထားပါသည်။

## ၅။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့

(၁) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအနက်မှ (၂၁)ဦး သို့မဟုတ် (၃၀)ဦးဖြင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကိုဖွဲ့စည်းရမည်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ဗဟိုဦးစီးအဖွဲ့ကို တာဝန်ခံရမည်။

(၂) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်းများအနက်မှ ဥက္ကဋ္ဌ(၁)ဦး၊ အထွေထွေအတွင်းရေးမှူး(၁)ဦး၊ ဒု-ဥက္ကဋ္ဌ (၂)ဦး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး(၂)ဦး ကိုဒီမိုကရေစီ နည်းဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(၃) ဗဟိုအလုပ်အမှုဆောင်တစ်ဦးသည် ပါတီ၏ နိုင်ငံရေး၊ စည်းရုံးရေး၊ ပြန်ကြားရေး၊ ပညာရေး၊ ဘဏ္ဍာရေးစီးပွားရေး သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေး တောင်သူလယ်သမားရေး၊ အလုပ်သမားရေး၊ တက်သိပညာရှင်များ၊ လူငယ်၊ အမျိုးသမီးနှင့် ကလေးသူငယ်များအရေးစသည့် ကော်မတီ တစ်ခုခုကို ဦးဆောင်တာဝန်ယူရမည်။ လိုအပ်ပါလျှင် တစ်ဖွဲ့ထက်ပို၍ တာဝန်ယူ ထမ်းဆောင်နိုင်ရမည်။

(၄) ဥက္ကဋ္ဌရာထူး လစ်လပ်လျှင် ဒု-ဥက္ကဋ္ဌ (၂)ဦးထဲမှ (၁)ဦးဦးက ယာယီတာဝန် ဆောင်ရွက်ရမည်။

(၅) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အဖွဲ့ဝင်တစ်ဦးဦးလစ်လပ်ခဲ့လျှင် ဗဟိုဦးစီးအဖွဲ့ဝင်တစ်ဦးဦးအား ယာယီတာဝန် ပေးအပ်ရမည်။

## ၆။ ဗဟိုတာဝန်နှင့် လုပ်ပိုင်ခွင့်များ

(၁) ဗဟိုအလုပ်အမှုဆောင် အဖွဲ့သည် အခြားနိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ရန် တာဝန်ယူရမည်။

(၂) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ပါတီဗဟိုရုံးချုပ် (နေပြည်တော်) နှင့် လိုအပ်လျှင် ပါတီခရိုင်ရုံး၊ မြို့နယ် ပါတီရုံးများကိုလည်း ဖွဲ့စည်းပေးရမည့်အပြင် ယင်းတို့၏လုပ်ငန်းများကို ညွှန်ကြားရမည်။

(၃) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ပါတီဝင်များကို ပါတီလုပ်ငန်းစဉ်များတွင် နေရာချထားပေးရမည့် အပြင် လိုအပ်သည့် လုပ်ငန်းကော်မတီများကိုလည်း ဖွဲ့စည်းနိုင်သည်။

(၄) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် စုဆောင်းရရှိသည့် ပါတီဘဏ္ဍာငွေကို ဖြန့်ဝေ သုံးစွဲခြင်းတို့ကို တာဝန်ယူ ဆောင်ရွက်ရမည်။

## ၇။ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့

(၁) မြို့နယ်လုံးဆိုင်ရာ အစည်းအဝေးကို တက်ရောက်လာသော ကိုယ်စားလှယ်များမှ မြို့နယ် အလုပ် အမှုဆောင်အဖွဲ့ကို (၁၃)ဦး၊ သို့မဟုတ် (၁၅)ဦးဖြင့် ဒီမိုကရေစီနည်းအရ ရွေး ချယ်တင်မြောက်ရမည်။

(၂) ရွေးကောက်တင်မြောက်ခြင်းခံရသော မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင်များအနက်မှ ဥက္ကဌ(၁)ဦး၊ အတွင်းရေးမှူး(၁)ဦး၊ ဒု-ဥက္ကဌ(၁)ဦး၊ တွဲဖက်အတွင်းရေးမှူး(၁)ဦးတို့ကို ဒီမိုကရေစီနည်းအရ ရွေးချယ် တင်မြောက်ရမည်။

## ၈။ မြို့နယ်တာဝန် နှင့် လုပ်ပိုင်ခွင့်များ

(၁) မြို့နယ်အလုပ်အမှုဆောင်အဖွဲ့များသည် ဗဟိုဦးစီးအဖွဲ့ (သို့) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဦးဆောင်မှုကို လိုက်နာရမည်။

(၂)မြို့နယ်အလုပ်အမှုဆောင်အဖွဲ့များသည် ဗဟိုဦးစီးအဖွဲ့ (သို့) ဗဟိုအလုပ်အမှုဆောင် အဖွဲ့၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(၃) မြို့နယ်အလုပ်အမှုဆောင်အဖွဲ့များသည် မိမိတို့မြို့နယ်အတွင်းရှိ ပါတီဝင်များ၊ ပါတီ ဘဏ္ဍာငွေများကို ခန့်ခွဲသုံးစွဲခြင်းနှင့် လုပ်ငန်းအရပ်ရပ် ညွှန်ကြားခြင်းတို့ကို ပြုလုပ်ရမည်။

(၄) မြို့နယ် အလုပ်အမှုဆောင်အဖွဲ့များသည် မြို့နယ်လုံးဆိုင်ရာ အစည်းအဝေးကို တစ်နှစ် လျှင် (၁)ကြိမ် ကျင်းပရမည်။ ထူးခြားသည့်အခြေအနေများအရ အစည်းအဝေးများကို ရက်ရွှေ့ဆိုင်းခြင်း၊ အချိန်စောစွာခေါ်ယူခြင်းများကို ပြုလုပ်နိုင်သည်။

## ၉။ မြို့နယ်လုပ်ငန်း နှင့် တာဝန်များ

(၁) မြို့နယ် အလုပ်အမှုဆောင် အဖွဲ့ဝင်များကို ရွေးချယ် တင်မြောက်ခြင်း နှင့် ဗဟိုပါတီ ညီလာခံသို့ ကိုယ်စားလှယ်များ စေလွှတ်နိုင်ရန် ရွေးချယ်နိုင်ခြင်းတို့ကို ပြုလုပ်ရမည်။

(၂) ကျေးရွာ၊ ရပ်ကွက်များမှ တင်ပြလာသော အစီအရင်ခံစာများကို လက်ခံခြင်း၊ ဆွေးနွေး အတည် ပြုခြင်းများ ပြုလုပ်ရမည်။ ဗဟိုပါတီညီလာခံ ကိုယ်စားလှယ်များ ရွေးချယ်ပေး သည့် အခါတွင် တိုင်းဒေသကြီး နှင့် ပြည်နယ်မြို့တော်များမှ ကိုယ်စားလှယ်(၇)ဦးကျစီ ရွေးချယ်စေလွှတ်နိုင်သည်။

(၃) မြို့နယ်လုံးဆိုင်ရာ အစည်းအဝေးကို မြို့နယ်အလုပ်အမှုဆောင်အဖွဲ့နှင့် ရပ်ကွက်၊ ကျေးရွာ (သို့မဟုတ်)တိုက်နယ်များမှ ကိုယ်စားလှယ်များဖြင့်ကျင်းပရမည်။

## ၁၀။ ရပ်ကွက်၊ ကျေးရွာ အလုပ်အမှုဆောင်အဖွဲ့

(၁) ရပ်ကွက်၊ ကျေးရွာ အစည်းအဝေးကို တက်ရောက်လာသော ကိုယ်စားလှယ်များမှ ရပ်ကွက်၊ ကျေးရွာ အလုပ်အမှုဆောင်အဖွဲ့ဝင်များကို (၁၃)ဦး၊ သို့မဟုတ် (၁၅)ဦးဖြင့် ဒီမိုကရေစီနည်းအရ ရွေးချယ်ရမည်။

(၂) ရွေးကောက်တင်မြှောက်ခံရသော ရပ်ကွက်၊ ကျေးရွာ အလုပ်အမှုဆောင်အဖွဲ့ဝင်များ အနက်မှ ဥက္ကဋ္ဌ(၁)ဦး၊ အတွင်းရေးမှူး(၁)ဦး၊ ဒု-ဥက္ကဋ္ဌ(  )ဦး၊ တွဲဖက်အတွင်းရေးမှူး (  ) ဦးတို့ကို ဒီမိုကရေစီ နည်းအရ ရွေးကောက်တင်မြှောက်ရမည်။

(၃) ပါတီ၏အထက်အဖွဲ့အစည်းများမှ ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းများကို အကောင် အထည်ဖော်ရမည် အကောင်အထည်ဖော်နိုင်ရန် ပြည်သူများနှင့် ရင်းနှီးပွင့်လင်းစွာ ဆက်ဆံပြီး ပါတီသဘောတရားနှင့် ရည်ရွယ် ချက်များကို ရှင်းလင်းပြောကြားကာ စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(၄) ပြည်သူများ၏တောင်းဆိုချက်နှင့် ဆန္ဒများကို အမြဲတစေမှတ်သား၍ အထက်အဖွဲ့အစည်း များသို့ အစီအရင်ခံတင်ပြရမည်။

(၅) ပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတို့တွင် တိုးတက်သိမြင်လာ စေရေး အတွက် ကူညီဆောင်ရွက်ရမည်။

(၆) ပါတီဝင်အသစ်များစုဆောင်းပြီး ပါတီဝင်ကြေးများကို စနစ်တကျ ပုံမှန်ကောက်ခံရမည်။

## ၁၁။ ရပ်ကွက်/ကျေးရွာ လုပ်ငန်းနှင့်တာဝန်များ

(၁) ရပ်ကွက်၊ ကျေးရွာ အစည်းအဝေးကို(၆)လ တစ်ကြိမ်ပြုလုပ်ရန်။

(၂) ထိုအစည်းအဝေးများမှ ပါတီဝင်များနှင့် ပြည်သူတို့၏တင်ပြချက်များကို လက်ခံဆွေးနွေးပြီး မှတ်တမ်းပြုကာ အထက်အဖွဲ့အစည်းများသို့ တင်ပြရမည်။

(၃) ရပ်ကွက်၊ ကျေးရွာ အလုပ်အမှုဆောင်အဖွဲ့ဝင်များကို ဒီမိုကရေစီနည်းအရ ရွေးချယ် တင်မြှောက်ရမည်။ ထို့အပြင် မြို့နယ်လုံးဆိုင်ရာ အစည်းအဝေးများသို့ ကိုယ်စားလှယ်များ စေလွှတ်နိုင်ရန် ကိုယ်စားလှယ်များ ကို ရွေးချယ်ပေးရမည်။ ထိုသို့ ရွေးချယ်ရာတွင် ကိုယ်စားလှယ်(၂)ဦးကို ရွေးချယ်ရမည်။ တိုက်နယ်အဆင့် ကျေးရွာအုပ်စုဖြစ်ပါက ကိုယ်စားလှယ်(၃)ဦး စေလွှတ်နိုင်သည်။

(၄) ရပ်ကွက်၊ ကျေးရွာ၊ တိုက်နယ်များ၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ပါတီဝင်ထု တစ်ရပ်လုံး ဖြင့် ကျင်းပရမည်။

# အခန်း (၄)

# ပါတီအခြေခံစည်းမျဉ်း နှင့် စည်းကမ်းများ

## ၁။ ပါတီဝင်ဖြစ်ရေး

ပါတီဝင်အဖြစ်လက်ခံခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်သည်။

(၁) ပါတီဝင်လိုသူတစ်ဦးသည် အသက်(၁၈)နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(၂) တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင် နေထိုင်သောဒေသခံ တိုင်းရင်းသား လူမျိုးများ၊ မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အကျိုးလိုလားသော အတည်တကျ အခြေစိုက်နေထိုင်သည့် နိုင်ငံသားဖြစ်ရမည်။

(၃) နိုင်ငံနှင့်အဝှမ်း မည်သည့်ဒေသ၌ နေထိုင်သည်ဖြစ်စေ၊ တိုင်းရင်းသား မိဘနှစ်ဦးမှ မွေးဖွားသည့် နိုင်ငံသားဖြစ်ရမည်။

## ၂။ ပါတီဝင်ဖြစ်ကြောင်းလက်ခံခြင်း

(၁) ပါတီဝင်ခွင့်လျှောက်ထားသူ တစ်ဦးသည် ပါတီသို့တစ်ဦးချင်းလျှောက်လွှာတင်၍ ဝင်ရောက်ရမည်။

(၂) မိမိကိုယ်တိုင်လျှောက်ထားရမည်။

(၃) လျှောက်လွှာပုံစံတွင် အမည်အပြည့်အစုံဖော်ပြ၍ လက်မှတ်ရေးထိုးရမည်။

(၄) မြို့နယ် (သို့) ဗဟိုအဖွဲ့အစည်း တစ်ရပ်ရပ်၏ ပါတီဝင်အဖြစ်လက်ခံကြောင်း အတည် ပြုချက်ရယူရမည်။

(၅) ပါတီဝင်အဖြစ် လျှောက်ထားသူတစ်ဦးသည် အခြားနိုင်ငံရေး ပါတီတစ်ခုခုမှ နှုတ်ထွက် လာသူ ဖြစ်ပါက ယခင်ပါတီတွင်ထမ်းဆောင်ခဲ့သည့် ပါတီ၏တာဝန်ကို မှန်မှန်ကန်ကန် ဖော်ပြရမည်။

## ၃။ ပါတီဝင်တစ်ဦး၏ တာဝန်ဝတ္တရားများ

(၁) ပါတီဝင်တစ်ဦးသည် တောင်သူလယ်သမား၊ အလုပ်သမား၊ တက်သိပညာရှင်များ အပေါ် အထူး လေးစားတန်ဖိုးထားရမည်။ အမျိုးသားရေးနှင့် တစ်မျိုးသားလုံး၏ အကျိုးစီးပွားအတွက်ကြိုးပမ်းဆောင်ရွက်ရမည်။ပါတီနှင့်ပြည်သူ တစ်သားတည်းဖြစ် စေရေးအတွက် ပြည်သူတို့၏ လိုလားချက် နှင့် ဆန္ဒများကို အစဉ်တစိုက်လေ့လာပြီး အစီအရင်ခံရ မည်။ ပါတီ၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကိုလည်း ပြည်သူများ သိရှိနားလည် သဘောပေါက်စေရန် ရှင်းလင်းပြောကြားရမည်။

(၂) ပါတီဝင်တစ်ဦးသည် ပါတီ၏မူဝါဒများ ရပ်တည်ချက်များ အခါအားလျော်စွာ ဆုံးဖြတ် သည့် ပါတီ၏ဆုံးဖြတ်ချက်များနှင့်တကွ ပါတီ၏စည်းမျဉ်းစည်းကမ်းများကို လေးစား လိုက်နာရမည်။

(၃) ပါတီဝင်တစ်ဦးသည် ဒီမိုကရေစီအရ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားများ၏ တန်းတူအခွင့်အရေး နှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရရှိရေး၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက် ရေးအတွက် ကြိုးပမ်း အားထုတ် ဆောင်ရွက်ရမည်။

(၄) ပါတီဝင်တစ်ဦးသည် တိုင်းရင်းသားလူမျိုးစုများအားလုံး၏ နိုင်ငံရေး၊ ကမ္ဘာနိုင်ငံရေးရာများကို သိရှိ နားလည်အောင်လေ့လာရမည်။ ထို့အပြင် မိမိတို့၏ အသိဉာဏ် အဆင့်အတန်း အတွေးအခေါ် မြင့်မားရေး အတွက် အစဉ် ကြိုးပမ်းအားထုတ်ရမည်။

## ၄။ ပါတီဝင်တစ်ဦး၏ အခွင့်အရေးများ

**ပါတီဝင်တစ်ဦး၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်။**

(၁) ပါတီဝင်တစ်ဦးသည် ပါတီ၏ရည်ရွယ်ချက်များ သဘောထားများကို ဆောင်ရွက်ရန်အတွက် လိုအပ်ပါက ပါတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးပိုင်ခွင့်ရှိသည်။

(၂) ပါတီဝင်တစ်ဦးသည် ပါတီအဖွဲ့အစည်း အဆင့်ဆင့်တွင် ဆန္ဒမဲပေး ရွေးချယ်တင်မြှောက်ခွင့် အရွေးခံ ပိုင်ခွင့်ရှိသည်။

(၃) ပါတီဝင်တစ်ဦးသည် ဗဟိုဦးစီးအဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အပါအဝင် မည်သည့် ပါတီ အဖွဲ့အစည်းကိုမဆို အကြံပေးချက်များ၊ အဆိုပြုချက်များ၊ အစီအရင်ခံစာများ တင်သွင်း ခွင့်ရှိသည်။

(၄) ပါတီဝင်တစ်ဦးသည် မည်သည့်အကြောင်းကြောင့်မဆို ပါတီမှ နုတ်ထွက်လိုလျှင် သက်ဆိုင်ရာ မြို့နယ် အလုပ်အမှုဆောင်အဖွဲ့သို့ လျှောက်ထားနုတ်ထွက်နိုင်သည်။

(၅) ပါတီဝင်တစ်ဦးသည် အကြောင်းအားလျော်စွာ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်တစ်ခုသို့ ပြောင်းရွေ့ရပါက ထိုပြောင်းရွေ့ရောက်ရှိသော ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်အတွင်းရှိသည့် ပါတီအဖွဲ့အစည်း၏ ပါတီဝင်ဖြစ်နိုင်သည်။

(၆) ပါတီမှ ဦးစီးပြုလုပ်သည့် သင်တန်းများတွင်သော်လည်းကောင်း၊ ပါတီ၏ ခွင့်ပြုချက်ဖြင့် ပါတီမှ ရွေးချယ်စေလွှတ်သည့် ပြင်ပသင်တန်းများကို သော်လည်းကောင်း တက်ရောက်ခွင့်ရှိသည်။

(၇) ပါတီစည်းမျဉ်းစည်းကမ်းဖြင့် အရေးယူမှုအပေါ် (ကျေနပ်မှုမရှိပါက) ပွင့်လင်းစာေဒက တက် ဖြေရှင်းနိုင်ခွင့်ပေးမည်။

## အခန်း(၅)
## ပါတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ အရေးယူထုတ်ပယ်ခြင်းနှင့် ရပ်စဲခြင်း

### ၁။ နုတ်ထွက်ခြင်း

(၁) ပါတီဝင်တစ်ဦးသည် ပါတီမှ မိမိအလိုဆန္ဒအလျောက် နုတ်ထွက်ခွင့်ရှိသည်။ ထိုနုတ်ထွက်ခွင့်လွှာကို မိမိကိုယ်တိုင်သက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်နှင့် ဗဟို အဖွဲ့အစည်း တစ်ခုခုသို့ တင်သွင်းရမည်။ ထိုနုတ်ထွက်လွှာကို သက်ဆိုင်ရာအဖွဲ့အစည်းမှ

အတည်ပြုပါက ပါတီဝင်စာရင်းမှ ပယ်ဖျက်ရမည်။ ဤဆောင်ရွက်ချက်များကို မှတ်ပုံတင်ထားနိုင်ရန်အတွက် ပါတီအထက်အဖွဲ့အစည်းသို့ တင်ပြရမည်။

(၂) ပါတီဝင်တစ်ဦးသည် လုံလောက်သောအကြောင်းပြချက်မရှိပဲ ပါတီလုပ်ငန်းတာဝန်များဆောင်ရွက် ရန် ပျက်ကွက်ခြင်း၊ ပါတီဝင်ကြေး၊ လစဉ်ကြေး၊ နှစ်စဉ်ကြေး၊ ပေးရန်ပျက်ကွက်ခြင်းရှိပါက ခိုင်လုံသော အကြောင်းပြချက် မရှိပါက နှုတ်ထွက်လိုသော သဘောရှိသည်ဟု ယူဆရ မည်။ ထိုသူ၏ ဆန္ဒကိုမေးမြန်း၍ နှုတ်ထွက်လိုက နှုတ်ထွက် ခွင့်ပြုကြောင်း ဆုံးဖြတ်ရမည်။ ဤသို့ဆောင် ရွက်ချက်ကို မှတ်ပုံတင်ထားနိုင်ရန် ပါတီအထက် အဖွဲ့အစည်းသို့ အစီအရင်ခံရမည်။

**၂။ <u>အရေးယူထုတ်ပယ်ခြင်း</u>**

(၁) ပါတီဝင်တစ်ဦးသည် ပါတီ၏တာဝန်ဝတ္တရားများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ မဆောင်ရွက်ခြင်း နှင့် ပါတီစည်းကမ်းများကို ဖောက်ဖျက်ခြင်း။

(၂) ပါတီ၏ရည်ရွယ်ချက်များကို ပျက်ပြားအောင်ပြုမူဆောင်ရွက်ခြင်း။

(၃) အများသဘောတူ ဆုံးဖြတ်ချမှတ်ထားသော "မူ"ကို ချိုးဖောက်ကာ မိမိဆန္ဒသဘော အလျောက် ပြောဆို စည်းရုံးခြင်း။

(၄) ပါတီအတွင်း သင်းခွဲ ဂိုဏ်းခွဲရန် ပြုမူဆောင်ရွက်ခြင်းတို့ကို အကြိမ်ကြိမ် သတိပေးတားမြစ်ပါလျက် ထပ်မံကျူးလွန်သူများကို သက်ဆိုင်ရာ အဖွဲ့အစည်း တစ်ရပ်ရပ်ကို တင်ပြပြီး အစည်းအဝေး၏ အများသဘောတူ ဆုံးဖြတ်ချက်ဖြင့် ပြင်းထန်စွာ သတိပေးခြင်း နှင့် ပါတီမှထုတ်ပယ်ခြင်းများကို ပြုလုပ်နိုင်သည်။ ထိုသို့ ထုတ်ပယ်ခြင်းပြုရာတွင် ဗဟိုအဖွဲ့အစည်း၏ အတည်ပြုချက်ကို ရယူရမည်။

(၅) ပြဋ္ဌာန်းဥပဒေ၊ နည်းဥပဒေ နှင့် ညီညွတ်မှုရှိသော လုပ်ဆောင်ချက်အပေါ် ပါတီမှ ပူးပေါင်းထိမ်းကျောင်းနိုင်ပြီး အရေးယူထုတ်ပယ်ခြင်း မပြုရ။

**၃။ <u>ရပ်စဲခြင်း</u>**

(၁) ပါတီဝင်တစ်ဦးကွယ်လွန်ခြင်း။

(၂) ရူးသွပ်ကြောင်း ဆေးဖက်ဆိုင်ရာမှ အသိအမှတ်ပြုခြင်း။

(၃) သာသနာ့ဘောင်သို့ အမြဲဝင်ရောက်ခြင်း။

ထိုပုဂ္ဂိုလ်၏အမည်ကို ပါတီစာရင်းမှ ပယ်ဖျက်ရန် ဆုံးဖြတ်ချက်ချရမည်။ ဤဆောင်ရွက်ချက်များ ကို မှတ်ပုံတင်ထားနိုင်ရန် ပါတီအထက်အဖွဲ့အစည်းသို့ အစီအရင်ခံရမည်။

# အခန်း (၆)

# ဘဏ္ဍာငွေရှာဖွေရေးနှင့် ထိန်းသိမ်းရေး

**ပါတီ၏ ဘဏ္ဍာငွေကို အောက်ပါအတိုင်း ရှာဖွေထိန်းသိမ်းရမည်။**

(၁) ပါတီဝင်တစ်ဦးဦးထံမှ ဝင်ကြေး၊ လစဉ်ကြေးနှင့် နှစ်စဉ်ကြေးကောက်ခံရရှိငွေ၊ (ဝင်ကြေး၊ လစဉ်ကြေး၊နှစ်စဉ်ကြေးတို့ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ သတ်မှတ်သည့်နှုန်းထား အတိုင်း ဖြစ်စေရမည်)။

(၂) အဖွဲ့ဝင်တစ်ဦးချင်း (သို့မဟုတ်) အများထံမှသော်လည်းကောင်း၊ အခြားစေတနာရှင် တိုင်းရင်းသား တစ်ဦးချင်း၊ (သို့မဟုတ်) အများ၊ (သို့မဟုတ်) တရားဝင်အဖွဲ့အစည်းများ ထံမှသော်လည်းကောင်း ကူညီထောက်ပံ့ငွေ။

(၃) အဖွဲ့ဝင်များ(သို့မဟုတ်) အဖွဲ့အကျိုးလိုလားသည့် တိုင်းရင်းသားများ၏ လုပ်အားနှင့် အခြား တရားဝင်နည်းလမ်းဖြင့် ရှာဖွေရရှိငွေ။

(၄) ဘဏ္ဍာငွေ သုံးစွဲခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို သီးခြားစည်းမျဉ်း စည်းကမ်းများ သတ်မှတ် ရေးဆွဲရမည်။

**မှတ်ချက်။** ၁။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ပါတီညီလာခံတစ်ရပ် ခေါ်ဆိုချိန်အထိ ဤပါတီ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

၂။ ပါတီဝင်၏ အဝတ်အစားမှာ မြန်မာဝတ်စုံအနေဖြင့် ကာကီရောင်တိုက်ပုံ၊ ကော်လံလည်ဂတုံးဖြစ်ပြီး၊ နိုင်ငံခြားဝတ်စုံအနေဖြင့် ကာကီရောင်ဘောင်ဘီရှည် နှင့် ကာကီရောင် ဆာဖာရီကုတ် အဖြစ် သတ်မှတ်ပါသည်။

**အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ**
**နေပြည်တော်။**